## ဓမ္မခန္ဓာ (၈၆) အမှောင်ခွင်းသူ (အလ်–တွရိက်)

ဥဒ္ဒက်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၃၆)၊ သုတ်ဒေသနာ (၁၇)ပါး၊

ဦးဒွေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللّهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **وَالسَّمَاء وَالطَّارِقِ**۞<br>မိုးကောင်းကင်နှင့် အမှောင်ခွင်းသူ အားဖြင့်–[၁၃၄၇] |
| ၂။ | **وَمَا أَدْرَاكَ مَا الطَّارِقُ**۞<br>အမှောင်ခွင်းသူ–ဟူသည် သင့်အား မည်သည်က တွေးသိစေအံ့နည်း။ |
| ၃။ | **النَّجْمُ الثَّاقِبُ**۞<br>ယင်းသည် ဖေါက်ခွင်းသော ကြယ်ဖြစ်၏။ |
| ၄။ | **إِن كُلُّ نَفْسٍ لَّمَّا عَلَيْهَا حَافِظٌ**۞<br>ဧကန်ပင် ဉာဉ်စရိုက် ကိုယ်စီ အပေါ်၌ အကွပ်အကဲ ရှိနေ၏။ |
| ၅။ | **فَلْيَنظُرِ الْإِنسَانُ مِمَّ خُلِقَ**۞<br>သူ့အား မည်သည့် အရာမှ ဖြစ်တည်စေသည်ကို လူသားကို ရှုစားသုံးသပ်စေလော့။ |
| ၆။ | **خُلِقَ مِن مَّاء دَافِقٍ**۞<br>သူအား ညှစ်ထုတ်သော အရည်မှ ဖြစ်တည်စေ၏။ |
| ၇။ | **يَخْرُجُ مِن بَيْنِ الصُّلْبِ وَالتَّرَائِبِ**۞<br>ယင်းကို ကျောရိုးနှင့် နံရိုးများမှ ညှစ်ထွက်စေ၏။ |
| ၈။ | **إِنَّهُ عَلَى رَجْعِهِ لَقَادِرٌ**۞<br>ဧကန်ပင် အရှင်သည် သူ့အား ပြန်လှည့်လာရန် စည်းချိန်ချမှတ်တော်မူ၏။ |
| ၉။ | **يَوْمَ تُبْلَى السَّرَائِرُ**۞<br>မြှုပ်ကွယ်ထားရာ ပြန်ဖေါ်သော နေ့ကာလ၌– |
| ၁၀။ | **فَمَا لَهُ مِن قُوَّةٍ وَلَا نَاصِرٍ**۞<br>သူ့၌ ခွန်အားဗလ၊ အကူအညီ မရှိချေ။ |

---

**(၁၃၄၇) တွာရိက်** ဆိုသည်ကို ဆရာတော် တစ်ချို့က ထွန်းလင်းတောက်ပသော ကြယ်ဟု ဘာသာပြန်ဆိုကြ၍၊ တစ်ချို့က ညအမှောင်ထုအား ခွင်းလာသူ ဟု ပြန်ဆိုကြပေသည်။ မိရိုးဖလာ အမှောင်ထုကြီးအား အမှောင်ခွင်း အလင်းဆောင်ရန် ပွင့်ပေါ်လာသော ကိုယ်တော်မုဟမ္မဒ်အား ပုံဆောင်တင်ပြခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၁၁။ | وَالسَّمَاءِ ذَاتِ الرَّجْعِ۞<br>ပြန်ကန်စေသော ကောင်းကင်ယံအားဖြင့်–[၁၁၄၈] |
| ၁၂။ | وَالْأَرْضِ ذَاتِ الصَّدْعِ۞<br>ရင်ခွင်ဖွင့်ပေးသော မြေကမ္ဘာအားဖြင့်–[၁၁၄၉] |
| ၁၃။ | إِنَّهُ لَقَوْلٌ فَصْلٌ۞<br>ဤသည် အဖြေမှန်ပေးသော နှုတ်ထွက်တော် ဖြစ်၏။ |
| ၁၄။ | وَمَا هُوَ بِالْهَزْلِ۞<br>၎င်းသည် ကရော်ကမည် မဟုတ်ချေ။ |
| ၁၅။ | إِنَّهُمْ يَكِيدُونَ كَيْدًا۞<br>သူတို့သည် မဟာဗျူဟာဖြင့် ဗျူဟာချနေကြ၏။ |
| ၁၆။ | وَأَكِيدُ كَيْدًا۞<br>ငါသည်လည်း ဗျူဟာဖြင့် ဗျူဟာချနေ၏။ |
| ၁၇။ | فَمَهِّلِ الْكَافِرِينَ أَمْهِلْهُمْ رُوَيْدًا۞<br>သို့ဖြစ်၍ ဖုံးကွယ်သူတို့အား အချိန်ပေးထားလော့၊ ခဏတ္တယာယီ အချိန်ပေးထားလော့။ |

---

**(၁၁၄၈)** တစ်စုံတစ်ခုသော အရာက သူ့ထံသို့သက်ရောက်လျှင် တုံ့ပြန်သော သဘောကို ဆိုလိုသည်။
**(၁၁၄၉)** သစ်ပင် သီးနှံများ ပေါက်ရောက်စေရန် မိမိ၏ ရင်ခွင်အား ခွဲပေးသော မြေဟု တင်စားပြောဆိုခြင်း ဖြစ်ပေသည်။ မြေမှ ဖြစ်တည်သော လူသားသည်လည်း– နောက်မျိုးဆက်များအား ရှင်သန်ဖွံ့ဖြိုးစေရင်– မိမိ၏နှလုံးသားအား အတတ်နိုင်ဆုံး ဖွင့်ပေးလျှက် ပြုစုပေးရမည် ဖြစ်သည်။ မိမိ၏ ခေတ်နောက်ကျနေသော အစွဲများအား သာသနာလမ်းစဉ်အဖြစ် သတ်မှတ်လျှက် တရားသေစွဲကိုင်ကာ လူငယ်များအား လမ်းပိတ်ထားခြင်း နှလုံးသား မဖွင့်ပေးခြင်းများအား ဆင်ခြင်သင့်ပေသည်။